သို့

ဦးထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ရက်စွဲ။ ။စက်တင်ဘာလ ၂၈ ရက် ၂၀၁၆ ခုနှစ်။

လေးစားအပ်ပါသောနိုင်ငံတော်သမ္မတကြီးရှင့်/ခင်ဗျား။

အောက်ပါလက်မှတ်ရေးထိုးထားသော မိမိတို့အရပ်ဘက်အဖွဲ့အစည်းများမှ စက်တင်ဘာလ ၂၂ ရက် နေ့စွဲဖြင့် သမ္မတရုံးမှ ပြည်ထဲရေးဝန်ကြီးဌာနမှ အင်းဝ စက်ချုပ်ဆိုင်ပိုင်ရှင်များ၏ ညှင်းပန်းနှိပ်စက်ခံ အိမ်အကူ အမျိုးသမီးငယ်နှစ်ဦးဖြစ်သော မ **စန်းကေခိုင်** နှင့် မ **သဇင်** တို့နှင့် အမှုဖွင့်တိုင်ကြားခဲ့သူ Myanmar Now သတင်းထောက်ကို ဆွေဝင်း တို့ကို လုံခြုံရေး ယူပေးရန် လည်းကောင်း၊ လူ/ကယ်/ပြန်ဝန်ကြီးဌာနမှ အမျိုးသမီးငယ်နှစ်ဦး လုံခြုံစွာနေနိုင်ရေးနှင့် စိတ်ပိုင်း နှင့် ရုပ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ လုပ်ဆောင်ရန်လည်းကောင်း ညွှန်ကြားချက်ထုတ်ခြင်းအပေါ် ထောက်ခံကြိုဆိုပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြမည်ဟု မိမိတို့မှ မျှော်လင့်ပါသည်။

ဤအိမ်အကူ အမျိုးသမီးငယ် နှစ်ဦး ကြုံတွေ့ရသော ခါးသီးလှသည့် ညှင်းပန်းနှိပ်စက် ခေတ်သစ်ကျွန်ပြုခံရသော အမှုသည် ပြည်တွင်းရှိ ပြစ်မှုဆိုင်ရာဥပဒေများစွာနှင့် တိုက်ရိုက်အကြုံးဝင်သည်သာမက မိမိတို့နိုင်ငံမှ လိုက်နာကျင့်သုံးရန် တာဝန်ရှိသည့် နိုင်ငံတကာလူ့အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများ ကိုပါ ချိုးဖောက်ခံရခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ကြီးလေးသော ကျူးလွန်မှု တစ်ခုကို ပြည်သူလူထု၏အခွင့်အရေးများကို ကာကွယ်မြှင့်တင်ကာ တရားမျှတမှု ရှာဖွေဖော်ဆောင်ပေးရမည့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လုပ်သင့်ဖြစ်သင့်သည့် တရားဥပဒေအရ အရေးယူ ဖြေရှင်းမှုကို မဆောင်ရွက်ဘဲ ငွေကြေးဖြင့်သာ ညှိနှိုင်းဖြေရှင်းပေးခဲ့ခြင်းမှာ နိုင်ငံတော်အဆင့် လူ့အခွင့်အရေးဆိုင်ရာ အဆောက်အအုံ တစ်ခုအနေဖြင့် ဥပဒေအရသာမက ကော်မရှင်တွင် တာဝန်ယူနေသူ လူပုဂ္ဂိုလ်တစ်ဦးချင်းအရပါ လူ့အခွင့်အရေးဆိုင်ရာ စွမ်းဆောင်နိုင်စွမ်း မရှိနေသည်ကို အထင်အရှားပေါ်လွင်စေသည်ဟု မိမိတို့မှ သုံးသပ်ပါသည်။

တစ်ချိန်တည်းမှာပင် အခြေခံပြည်သူလူထု၏ဘဝ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များ၏ ဘဝများမှာ သက်ငယ်မုဒိန်းအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှု၊ လူကုန်ကူးနှင့် ခေတ်သစ်ကျွန်ပြုခံရမှုများ အပါအဝင် ပုံသဏ္ဍာန်မျိုးစုံဖြင့် အကြမ်းဖက်ခံရမှုများ ကြုံတွေ့နေရသည့်အပြင် တရားဥပဒေ၏ ကာကွယ် စောင့်ရှောက်မှုကိုလည်း ရယူနိုင်ခြင်းမရှိသော အခြေအနေ အကြောင်းတရားများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် မိမိတို့နိုင်ငံ၏ လက်ရှိ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှ အခြေအနေကောင်း ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနေသည်ဟု သုံးသပ်ပါသည်။

ချိုးဖောက်ခံပြည်သူလူထု၏ လူ့ဂုဏ်သိက္ခာ နှင့် တရားမျှတမှုဖော်ဆောင်ရေး၊ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ နှင့် ဥပဒေအထောက်အကူဆိုင်ရာ အကူအညီများအပါအဝင် အရေးပေါ်တုန့်ပြန်ဖြေရှင်းပေးခြင်းနှင့် တစ်ချိန်တည်းမှာပင် ရေရှည်အနာဂတ်တွင် ပြည်သူ့တို့၏ လူသားဘဝ လုံခြုံရေး၊ ၎င်းတို့အခွင့်အရေးများကို မှန်ကန်ထိရောက်သော ကာကွယ်စောင့်ရှောက်မှုနှင့် တရားမျှတမှုခံစားခွင့်ရရေးတို့အတွက် အခြေခံ လိုအပ်ချက်များဖြစ်သော မူဝါဒ၊ ဥပဒေနှင့် အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ထိရောက်စွာ လုပ်ဆောင်ရန် အသင့်တော်ဆုံးအချိန်လည်းဖြစ်သည်ဟု မိမိတို့မှ ယုံကြည်မိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတကြီးဦးဆောင်သော ပြည်သူ့ အစိုးရ အနေဖြင့် ပြည်သူ့ဘဝ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များဘဝ လုံခြုံစေရေးနှင့် လူ့ဂုဏ်သိက္ခာကို ကာကွယ် စောင့်ရှောက်ရေး တို့အတွက် အောက်ပါ အရေးပေါ် နိုင်ငံတော်အဆင့် လုပ်ဆောင်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် လေးစားစွာအဆိုပြုအပ်ပါသည်။

**၁) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အား အနိမ့်ဆုံး ရှိသင့်သည့် နိုင်ငံတကာစံချိန်စံညွှန်းများ (ပါရီအခြေခံမှုများ) နှင့်အညီ ကော်မရှင်အဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်အပ်ခြင်း အပါအဝင် ကော်မရှင်ဖြစ်တည်ခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်ရေးဆွဲ၍ ပြန်လည်ဖွဲ့စည်းခြင်း။**

**၂) ပြည်သူလူထု၏အခြေခံလူ့အခွင့်အရေးများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ် စောင့်ရှောက်မှုပေးမည့် ပွင့်လင်းမြင်သာ၍ ပြည့်စုံခြုံငုံမှုရှိသော နိုင်ငံတော်အဆင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစဉ်စီမံကိန်း တစ်ရပ် ရေးဆွဲချမှတ် အကောင်အထည်ဖော်ခြင်း။**

**၃) မြန်မာနိုင်ငံမှ လိုက်နာအကောင်အထည်ဖော်ရန် လက်မှတ်ထိုး ကတိကဝတ်ပြုထားသော CEDAW နှင့် CRC စာချုပ်ပါ အချက်များနှင့်အညီ အိမ်အကူအမျိုးသမီးများအား ကာကွယ်စောင့်ရှောက်မှု အပါအဝင် အမျိုးသမီးနှင့် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေး ဥပဒေသစ်တစ်ရပ်ကို အမြန်ဆုံးပြဌာန်းနှင့် အသက်ဝင်စေခြင်း နှင့် တရားရေးနှင့်ရဲဘက်ဆိုင်ရာ အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများ အာဏာပိုင်များအား ထိရောက်စွာ အကောင်အထည်ဖော်စေခြင်း။**

ပြည်သူ့အစိုးရအနေဖြင့် ဤအရေးပေါ် နိုင်ငံတော်အဆင့် လုပ်ဆောင်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့ အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်းလည်း အဆိုပြုပါသည်။

လေးစားစွာဖြင့်

အရပ်ဘက်အဖွဲ့ အစည်းများ/ကွန်ရက်များ

တွဲလျက် - နိုင်ငံတော်သမ္မတကြီးထံသို့ အကြံပြုတိုက်တွန်းလွှာအား ထောက်ခံအားပေးသည့်
အရပ်ဘက်အဖွဲ့ အစည်း/ကွန်ရက်များစာရင်း

| | အဖွဲ့ အစည်း/ကွန်ရက်အမည် | စဉ် | အဖွဲ့ အစည်း/ကွန်ရက် အမည် |
|---|---|---|---|
| 1. | Equality Myanmar | 11. | ဗကာသ ဝန်းရံ အင်အားစု |
| 2. | မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ (Burma Partnership) | 12. | Association of Human Rights Defenders and Promoters-HRDP |
| 3. | Gender Equality Network (GEN) | 13. | Area Peace and Development Forward/Laizom Forward |
| 4. | Center for Youth and Social Harmony (CYSH) | 14. | Green Peasant Institute (GPI) |
| 5. | Women Peace Network - Arakan (WPNA) | 15. | United ACT |
| 6. | Action Committee for Democracy Development (ACDD) | 16. | Color Rainbow |
| 7. | Colorful Girls | 17. | Shwechinthae Social Service Group (shwebo) |
| 8. | Pyi Gyi Khin | 18. | Human Rights Educators Network |
| 9. | Kachin Women Peace Network (KWPN) | 19. | Civil Authorize Negotiate Organization (C.A.N-Myanmar), |
| 10 | Women Organizations Network (WON) | 20. | Parents, Families and Friends of LGBTIQs- Myanmar (PFLAG-MYANMAR) |

| | | | |
|---|---|---|---|
| 21. | ၈၈ မျိုးဆက် ကျောင်းသား ( ပြည်ပ) | 33. | မြန်မာစားသုံးသူများ သမဂ္ဂ (Myanmar Consumers Union) |
| 22. | Ramhkye - MyitKyiNa | 34. | "Taunggyi Youth Center (TYC)" |
| 23. | Mwetaung Area Development Group | 35. | KGG Network ကွမ်းခြံကုန်းကွန်ရက် |
| 24. | Lighthouse social development organization - Ayarwaddy | 36. | ဟသ်ာတံခွန် အဖွဲ့ |
| 25. | MATA - Ayeyarwady working group committee | 37. | Edu Wave |
| 26. | New Generation (Shan State) | 38. | ရေကြည်စမ်း ပဲခူးမြစ်ဖျား လူမှုထောက်ကူပြုအဖွဲ့ |
| 27. | Women and Peace Action Network (Shan State) | 39. | မော်ကွန်းသစ် (သာယာဝတီခရိုင်အရပ်ဘက်အဖွဲ့အစည်းများကွန်ယက်) |
| 28. | Media for Community training group | 40. | မျက်ဝန်းသစ် အသိပညာရပ်ဝန်း |
| 29. | "Sagaing Region Youth Network" | 41. | အလင်းသီတံ အဖွဲ့ |
| 30. | Ayeyarwaddy west development orginization, AWDO (မကွေးတိုင်း) | 42. | သဲကုန်းလူငယ် အဖွဲ့ချုပ် |
| 31. | စေတုတ္တရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့။ | 43. | MATA Working (Bago) |
| 32. | AWDO (Nagphe) | 44. | မြစ်မခစောင့်ကြည့်ရေးအဖွဲ့ |
| 45. | လွတ်လပ်သောအရှိချင်းအမျိုးသားများအင်အားစု (နတ်ရေကန်တောင်ထိန်းသိမ်းရေး)။ | 57. | WE Generarion Network |

| | | | |
|---|---|---|---|
| 46. | LAIN Technical Support Group | 58. | The Seagull:Human Rights, Peace & Development |
| 47. | Youth Development Network(i3) | 59. | ကမ်းလက်မေတ္တာ |
| 48. | အနာဂတ်အလင်းတန်းအဖွဲ့ (Future Light Center) | 60. | ဘော်စိုင်းအမျိုးသမီးများအဖွဲ့ |
| 49. | Yangon Youth Network | 61. | Morning star |
| 50. | Brave New Burma Federation | 62. | Myanmar people alignment |
| 51. | Human Rights Defenders Forum | 63. | Our lovely world |
| 52. | Karen Environmental and Social Action Network (KESAN) | 64. | ဘုတ်တလုတ်မောင်မယ် လူ့အခွင့်အရေးလှုပ်ရှားသူများ |
| 53. | Myanmar China Pipeline Watch Committee | 65. | Cheery image |
| 54. | Myanmar Alliance for Transparency & Accountability ( Mandalay Division Working Group) | 66. | Shan state civil society organization network |
| 55. | Peace & Open Society ( Kyaukse Township) | 67. | MONG Pan Youth Association |
| 56. | Learning and Action Group for Local Governance | 68. | Democracy for ethnic minorities organization (DEMO) |
| 69. | Justice Movement for Community (Innlay) | 81. | Danu youth |
| 70. | အမျိုးသားလူငယ်ကွန်ဂရက် National Youth Congres ( NYC) | 82. | Kaung Rwai social action network |

| | | | |
|---|---|---|---|
| 71. | Southern shan state yourth network | 83. | Myanmar human rights defenders and promoters association (Hinthada) |
| 72. | စိမ်းရောင်စို(တံတားဦး) | 84. | ဘောကထော ရေအားလျှပ်စစ် စီမံကိန်း စောင့်ကြည့်ရေးအဖွဲ့ |
| 73. | Action Group for Farmer Affair (AGFA) | 85. | ကချင်အမျိုးသမီးအစည်းအရုံး (KWAT) |
| 74. | Karen Environmental and Social Action Network (KESAN) | 86. | Women's Initiative Network for peace (WIN-Peace) |
| 75. | Myanmar China Pipeline Watch Committee | 87. | အလင်းသီတံ (မိုးညို) |
| 76. | Myanmar Alliance for Transparency & Accountability ( Mandalay Division Working Group) | 88. | သဲကုန်းမြို့နယ် လူငယ်ရေးရာအဖွဲ့ချုပ် |
| 77. | Peace & Open Society ( Kyaukse Township) | 89. | ဘားမားလင့်ခ် |
| 78. | Learning and Action Group for Local Governance (LAG-LOG) | 90. | မယ်တော်ဆေးခန်း |
| 79. | Kachin Peace Network (KPN) | 91. | မြန်မာ့အမျိုးသမီးသမဂ္ဂ |
| 80. | New Generation (Shan State ) | 92. | ကရင်နီအမျိုးသမီးအစည်းအရုံး |
| 93. | ဆာမူထော်လူမှုအထောက်အကူပြုအဖွဲ | 106. | ကချင်အမျိုးသမီးများအစည်းအရုံး – ထိုင်းနိုင်ငံ |
| 94. | ရွှေရိုပ်စစ် လူမှုထောက်ကူပြု အဖွဲ့ | 107. | ပလောင်အမျိုးသမီးအစည်းအရုံး |
| 95. | ရွှေကျင်ချစ်သူအသင်း | 108. | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |

| | | | |
|---|---|---|---|
| 96. | ကျောက်ကြီးဒေသဖွံ့ဖြိုးတိုးတက်မှုစောင့်ကြည့်ရေးအဖွဲ့ | 109. | ရခိုင်မြစ်ချောင်းများကွန်ရက် |
| 97. | ကလေးအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မတီ (မြန်မာနိုင်ငံ) | 110. | Northern Shan State _ Tomboy and Lesbian Network |
| 98. | လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) | 111. | Khine Hnin Si (ခိုင်နှင်းဆီ) |
| 99. | ကရင်လူ့အခွင့်အရေးအဖွဲ့ | 112. | Sky Dragon Lesbian Group |
| 100. | မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု | 113. | Kings & Queens |
| 101. | မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ | 114. | မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် |
| 102. | မြန်မာနိုင်ငံဆေးပညာရှင်များအသင်း | 115. | မြန်မာ့ရွှေ့ပြောင်းအလုပ်သမားများပညာရေးကော်မတီ |
| 103. | ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး | 116. | နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) |
| 104. | A Myal Sein Chit Thu ( အမြဲစိမ်းချစ်သူ) | 117. | မြန်မာ့ရွှေ့ပြောင်းဒေသ ဆရာ ဆရာမများ အစည်းအရုံး |
| 105. | Saytanar Arrman ( စေတနာ့ အားမာန်) | 118. | မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း |
| 119. | Gold Star | 131. | ကရင်အမျိုးသမီးအစည်းအရုံး |
| 120. | Alin Mie Eain ( အလင်းမီးအိမ်) | 132. | အရှေ့နာဂဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း |
| 121. | Try SHG Group | 133. | The Helf |

| | | | |
|---|---|---|---|
| 122. | Dawei Watch Foundation | 134. | Dawei Probono Lawyer Network |
| 123. | Action For Dignity Development (ADD) | 135. | Chin Human Rights Organization (CHRO) |
| 124. | People for People | 136. | SHANAH Myanmar |
| 125. | Dot Myanmar Organization | 137. | ဖန်တီးအိမ် - Phan Tee Eain |
| 126. | Sky Dragon lesbian Group | 138. | Women Can Do It (WCDI) |
| 127. | Generation Wave | 139. | Myanmar Positive Women Network |
| 128. | အလင်းဖြန့်သူ (ကရင်ပြည်နယ်) | 140. | M H R D P A (Myanmar Human Rights Defenders and promoters Association ) |
| 129. | ပန်းတိုင်ရှင် ရွှေပြည်သာ Community Based Organization | 141. | Mon Young Monk Network (MYMN) |
| 130. | Triangle Women Support Group | 142. | Chin Civil Society Network |